၉။ အဘယ်ကို "သေနာသန"ဟု ခေါ်သနည်း၊ ထိုသေနာသနဝတ်များကို မှတ်မိသမျှ ပြပါ။

၁၀။ သေနာသနဝတ်ကို မပြုသော ကျောင်းတိုက်သည် ရောက်လာသော ရဟန်းရှင်လူတို့၏ စိတ်ကို နှစ်သက်စေနိုင်မည်လော။

---

## (၁၂) ဇန္တာဃရဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ....သီးနှင်း အားကြီး၍ အအေးများသော အရပ်ဒေသတို့၌ ကိုယ်လက်တောင့်တင်းသော မကျန်းမမာမှုနှင့် အအေးမိသော ရောဂါများ ဖြစ်တတ်ကြသည်၊ ထိုမကျန်းမမာမှုများ မဖြစ်ရအောင် ကိုယ်ခန္ဓာကို နူးနပ်စေခြင်းအကျိုးငှါ မီးဖိုပါသော ရေချိုးအိမ်များကို ဆောက်လုပ်ကြရသည်၊ ထိုရေချိုးအိမ် ကျောင်းငယ်ကလေးကို "ဇန္တာ-ဃရ=ဇရုံးအိမ်"ဟုရင်း "မီးတင်းကုပ်"ဟုရင်း "ရေချိုးအိမ်" ဟုရင်း ခေါ်ကြ၏။

ထိုရေချိုးအိမ်၌ မီးပူကို ခံနိုင်အောင် မျက်နှာကို မြေညက်ဖြင့် သုတ်လိမ်း၍ အတွင်းသို့ ဝင်ပြီးလျှင် ဆပ်ပြာဖြင့် တကိုယ်လုံး ပွတ်တိုက်ကာ ရေချိုးလေ့ရှိကြ၏၊ တပါး ၂-ပါးသာ မက, တပြိုင်နက် ရဟန်းသာမဏေအများဝင်၍ ရေချိုးလေ့ရှိကြသည်၊ ထို့ကြောင့် မီးဖို၌ ပြာရှိလျှင် ထိုပြာကို စွန့်ပစ်ခြင်း, တံမြက်လှည်းခြင်း, ဆပ်ပြာမှုန့်ရှိလျှင် (ရေဖြင့်နယ်၍) အခဲလုပ်ခြင်းစသော ကျင့်ဝတ်များကို ပြုလုပ်ကြရသည်။